ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၉ — ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပခြင်း




၁၆-၁၂-၂၀၂၂ ရက်နေ့မှ ၃၀-၁၂-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား၊ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပရာတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်းမှ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစီး၍ အကောက်ခွန်ဦးစီးဌာနမှ ဘောလုံးအားကစားသမားများဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ရာ ၁၇-၁၂-၂၀၂၂ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လည်းကောင်း၊ ၂၃-၁၂-၂၀၂၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ၂၆-၁၂-၂၀၂၂ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် ဆီမီး ဖိုင်နယ်ပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြု အကောက်ခွန်ဦးစီးဌာနအသင်းမှ အနိုင်ရရှိခဲ့ပါသည်။ ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် ဗိုလ်လုပွဲအနေဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ယှဉ်ပြိုင်ခဲ့ရာ အဆိုပါဗိုလ်လုပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ကိုယ်စားပြု အကောက်ခွန်ဦးစီးဌာနအသင်းမှ (၄) ဂိုး (၁) ဂိုး ဖြင့် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားအား ရယူနိုင်ခဲ့ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း လာရောက်ခြင်း



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်စစ်ဆေးရန်အတွက် ၂၃-၁၂-၂၀၂၂ ရက်နေ့ (၀၉:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာနသို့ ရောက်ရှိခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာနမှ Data Warehouse စနစ်၏ Maintenance Vendor လုပ်ငန်းစဉ်နှင့် Website များ၏ Maintenance Vendor လုပ်ငန်းစဉ် (၂) ခုအတွက် တင်ဒါကိစ္စ၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် 4 Mex X-Ray စက်တပ်ဆင်အသုံးပြုရန်ကိစ္စနှင့်ပတ်သက်၍ တင်ဒါကိစ္စ၊ ဆောင်ရွက်လျက်ရှိသည့် စုံစမ်းစစ်ဆေးရေးခုံရုံးများနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးထံသို့ တင်ပြခဲ့ပါသည်။ (၁၁:၄၅)နာရီအချိန်တွင် NTT Data Myanmar Co.,Ltd မှနည်းပညာဆိုင်ရာဝန်ဆောင်မှုကိစ္စရပ်များအတွက် မိခင်ကုမ္ပဏီများထံသို့ နိုင်ငံခြားသုံးငွေ လဲလှယ်လွှဲပြောင်းခွင့်ပြုနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးထံသို့ တင်ပြခဲ့ပါသည်။






(၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းထုနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ အနေဖြင့် ကျန်းမာရေးကို တာဝန်တစ်ရပ်အနေဖြင့် ဂရုစိုက်နေထိုင်ကြရန်၊ မိမိဌာန၏ တန်ဖိုးကိုသိတတ်ပြီး လက်ရှိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်၊ မိမိဌာနကို အောင်မြင်စွာလုပ်ဆောင်ရန်၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာနေထိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အလျောက် Professional Value, Personal Value များ ပြည့်စုံအောင် Skill ကျွမ်းကျင်အောင် ဖြည့်ဆည်းရန်နှင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ဝန်ထမ်းများအနေဖြင့် မိမိမှ ဌာန၊ ဌာနမှ ဝန်ကြီးဌာန၊ ဝန်ကြီးဌာနမှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ (၁၃:၄၅) နာရီအချိန်တွင် ထီးတန်းဆိပ်ကမ်း(HPT)နှင့် အေးရှားဝေါလ်ဆိပ်ကမ်း(AWPT) များသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ စစ်ဆေးခဲ့ပြီး (၁၄:၄၅) နာရီအချိန်တွင် ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။





# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ သြဝါဒ စကားပြောကြားခြင်း





ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဧယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းနှင့် အမှုထမ်း စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းဟောင်းများအား ထောက်ပံ့ငွေ လှူဒါန်းပေးအပ်ခြင်း




အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန် ဝန်ထမ်းဟောင်းအသင်းရှိ အသက် (၇၀) နှစ် နှင့် အထက် ကန်တော့ခံပုဂ္ဂိုလ် စုစုပေါင်း (၂၁၆) ဦးအား ၂၀၂၂ ခုနှစ် သက်ကြီးပူဇော်ပွဲအတွက် တစ်ဦးလျှင် ငွေကျပ် (၁၅၀၀၀၀/-)နှုန်းဖြင့် စုစုပေါင်းငွေကျပ် (၃၉၁၅၀၀၀၀/-) (ကျပ်သုံးရာကိုးဆယ့်တစ်သိန်းငါးသောင်းတိတိ)ကို ညွှန်ကြားရေးမှူးချုပ်မှ အကောက်ခွန်ဝန်ထမ်းဟောင်းများ ကိုယ်စား ဥက္ကဋ္ဌ ဦးဘလှမောင် အား ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် လွှဲအပ် ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၂၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၅၂၂၃.၇၉) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု






(၂၉-၁၂-၂၀၂၂) ရက်နေ့တွင် မြန်မာစက်မှုဆိပ်ကမ်း၌ Moeset Thazin Co.,Ltd မှ ID No. (100229233900) (26.12.2022) ဖြင့် တင်သွင်းလာသော ကုန်သေတ္တာအမှတ် (MSKU 2728881, MSKU 5199117) (2X20’) အားစစ်ဆေးခဲ့ရာ ID တွင်ကြေညာထားခြင်းမရှိသည့် Galvanized Roofing Nails (C/O–China) (56000 Kgs)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၀၅,၈၄၀,၀၀၀/-) ခန့်အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၅-၁၂-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုံ ရပ်ကွက်၊ R-၇ လမ်း၊ အမှတ်(၃/၃၄၄)၊ MYANMAR INNOCOOK BRAINS Co.,Ltd ပိုင် စက်ရုံဝင်း အတွင်းရှိ ဂိုထောင်အား စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘေထုပ် (စက်မှုကုန်ကြမ်း) (၄၈၁ ထုပ်)၊ ခန့်မှန်းတန်ဖိုးကျပ် (၇၂,၁၅၀,၀၀ဝ/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။



## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း

(၆-၁၂-၂၀၂၂)ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ ပန်ကြူကျေးရွာအနီးတွင် ယာဉ်အမှတ်(1G-6951) Nissan UD (6 W) အား ကျိုင်းဖောင်းပူးပေါင်းစစ်ဆေးရေးဂိတ်၊ ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Baby Diaper (Pants) (127 Pkgs) အပါအဝင် ကုန်ပစ္စည်း (၅) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၄,၀၄၆,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (1G-6951) Nissan UD (6 W)၊ ခန့်မှန်းတန်ဖိုးကျပ် (၅၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ်ခွဲသားဆိုဒ်စုံ (၄၂၈)ချောင်း၊(၇.၁၁၁၈)ကုဗတန်၊ခန့်မှန်းတန်ဖိုးကျပ် (၂၄,၅၄၁,၃၀၀/-)ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။






## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း





(၁၉-၁၂-၂၀၂၂) ရက်နေ့တွင် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ နမ့်ခမ်းမြို့သို့ သွားရောက်မည့် ယာဉ်အမှတ်၊ (5P/7415)၊ Nissan Condor (6W) အား စစ်ဆေးခဲ့ရာ စကျင်ကျောက်ဆင်းတုတော်များ စစ်ဆေးတွေ့ရှိရသဖြင့် အထောက်အထား စာရွက်စာတမ်းများတောင်းခံ၍ စိစစ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်၊ ခွင့်ပြုမိန့်အမှတ်၊ ဆတမ-၆၁/၂၀၁၇ ၏ ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်ရက်မှာ (၁၉.၇.၂၀၁၈) ဖြစ်သောကြောင့် စကျင်ကျောက်ဆင်းတုတော် (ဗောဓိလက်၂ချောင်းထောင်) ၅ ပေ (၁) ဆူ အပါအဝင်(၃)မျိုး၊ (၃)ဆူ၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၃၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (5P/7415) Nissan Condor MK37C Truck (4x2) R (6W)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၃,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**

(၂၈-၁၂-၂၀၂၂) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ အကောက်ခွန်နှင့် ပူးပေါင်းအဖွဲ့သည် နမ့်အွန်ကျေးရွာအနီး၊ လမ်းတစ်နေရာတွင် လူမပါ ယာဉ်အမှတ် (EE-5636)၊ NISSAN AD Van အား တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ကားရှေ့ခန်းကြမ်းပြင်နှင့် ကားနောက်ခန်းကြမ်းပြင်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်း (အကြမ်းထည်) (၇၃၀ ကွင်း)၊ ခန့်မှန်းတန်ဖိုးကျပ် (၅,၁၁၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (EE-5636) NISSAN AD Van၊ ခန့်မှန်းတန်ဖိုးကျပ်(၁၆,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၂၃.၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု

(၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ဘားအံမြို့ဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသော နံပါတ်မပါ HONDA အမျိုးအစား အနက်ရောင်ဆိုင်ကယ်အား ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အပြာရောင်ပလပ်စတစ် ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် အိတ်(၁)အိတ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား (၁၉၅)ပြားစီပါ (၁၀) အိတ်စီအား ထုတ်ထားသည့် အထုပ် (၃) ထုပ်၊ စုစုပေါင်းစိတ်ကြွ ရူးသွပ်ဆေးပြား (၅၈၅၀) ပြား၊ ဆေးပြားတစ်ပြားလျှင် အလေးချိန်(၀.၀၉) ဂရမ်ဖြင့် စုစုပေါင်း အလေးချိန် (၅၂၆.၅) ဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ်(၅,၈၅၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ဆိုင်ကယ် နံပါတ်မပါ ခန့်မှန်းတန်ဖိုးကျပ် (၇၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။



